မကွေးတိုင်းဒေသကြီး

မင်းဘူးမြို့နယ်၊ ရွာသာယာကျေးရွာအုပ်စု

ကမ်းနီကျေးရွာ

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# (၂၀၂၆–၂၀၂၇ခု ဘဏ္ဍာရေးနှစ်)

ပြုစုရေးဆွဲသူ– ကမ်းနီကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်

၂၀၂၆ခုနှစ်၊ ဧပြီလ      ရက်

ကမ်းနီကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၆- ၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကမ်းနီကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ ဧပြီလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဘုမ္မနိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

**၉**

၁။ နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၂**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၇၀**

**ကိုးကားစာရင်း ၇၅**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၆/၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၃၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

မေ ၊ ၂၀၂၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကမ်းနီကျေးရွာ
မင်းဘူး(စကု)မြို့နယ်

# ကမ်းနီကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊

ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် မင်းဘူး-မင်းလှ ကားလမ်း၏အရှေ့ဘက်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှ ့င့်အိုးလုပ်ငန်းများ ဖြစ်ကြပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မမှ ၄၀ မှ ၆၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာသည် မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိသောကြောင့် အပူပိုင်းမုတ်သုန် ရာသီဉ တုဖြစ်သည်။ ကျေးရွာသည် ရေဝတီမြစ်ဘေးတွင် ရှိပြီး မြစ်ရေတက်သည့် အချိန်တွင် ကျေးရွာ၏ မြေနိမ့်ပိုင်းရှိ အိမ်များသို့ မြစ်ရေဝင်ရောက်လျက်ရှိသော်လည်း ပျက်စီးဆုံးရှုံးမှု နည်းပါးသည်။ ကျေးရွာအနီးတဝိုက်တွင် တောင်ကုန်းများရှိသော်လည်း ကျေးရွာသည် မြေပြန့်နေရာတွင် တည်ရှိပါသည်။ ကျေးရွာအနီးနားတွင် သဘာဝသယံဇာတဖြစ်သည့် ရေနံထွက်ရှိသောနေရာ ဖြစ်သည်။ ယာမြေများမှာ နှမ်းနှင့် ပဲမျိုးစုံတို့ ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာ ဖြစ်သည်။

## (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်ယာမြေအသင့်တင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်သောကြောင့် မြေဆီလွှာမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ ထွက်ရှိပါသည်။ တောင်သူအချို့မှာ မြစ်ရေတင်စီမံကိန်းဖြင့် လယ်မြေကေ (၅၀)ကေခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မြေအောက်ရေ အသုံးပြုမှု နည်းပါးသည်။ ထွန်ယက်စိုက်ပျိုးနိုင် သည့်ကေ (၅၃၆.၄၁) ရှိပြီး နှမ်း၊ မြေပဲ နှင့်ပဲမျိုးစုံကိုသာ အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၇၁) စုနှင့်ကျား(၃၄၂)ဦး၊ မ(၃၉၈)ဦးဖြင့် လူဦးရေပေါင်း (၇၄၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း (၅) ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၄.၅၉%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ် ပိုများနေကြောင်းတွေ့ရှိရပါသည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သက်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၆.၁ ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အဆင့်ဖြစ်ပြီး ၅.၂၆ ရာခိုင်နှုန်းသည် ချမ်းသာအဆင့်၊ ၁၈.၁၇ ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ရှိသည်ဟု သက်မှတ်ကြပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုနှင့် စက်ကိရိယာများ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စု အချို့မှာလည်း လက်သမား၊ စက်ချုပ်၊ ပဲတီစိမ်းခွဲစက်၊ ဂျိုင်းစော်စက်၊ မြက်စင်းစက်၊ ပန်းရံနှင့် အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ကြသည်။ ငွေချေးသော အိမ်ထောင်စုနှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော တောင်သူများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့်မားပြီး ၂၅.၁၄ ရာခိုင်နှုန်းထိရှိကာ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသော်လည်း ရာသီအလိုက် တောင်သူလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့် အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှု အရ ယင်းတို့၏ ၃၀ ရာခိုင်နှုန်းမှာ ငွေတိုးချေးသူများထံမှ ချေးငှားယူကြရပြီး နပ်မှန်စားသုံးနိုင်ကြောင်း၊ ၄၆.၁၅ ရာခိုင်နှုန်းမှာ ၃ လအောက်၊ ၂၅.၆၄ ရာခိုင်နှုန်းမှာ ၃ လမှ ၆ လအောက်၊ ၂၈.၂ ရာခိုင်နှုန်းမှာ ၆ လ မှ ၁၂ လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန် စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ရှိရသော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀၀ ကျပ်မှ ၁၀၀၀၀၀၀ ကျပ် တင်ရှိနေကြောင်းတွေ့ရှိရပါသည်။

အိမ်ထောင်စုအားလုံး၏ ၉.၃၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြပါသည်။ မုဆိုးဖိုတစ်ခုလပ်ဦးဆောင်သောအိမ်ထောင်စု ၃ စုသည် ဆင်းရဲ၍ ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

ကျေးရွာသည် မကွေး၊ မင်းဘူး၊ မင်းလှ ကားလမ်းအနီးတွင် တည်ရှိသော်လည်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှုနည်းပါးပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးအများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအနီးတွင် ရရှိနိုင်ကြပြီး (၁၂)မိုင်သာ ဝေးကွာပြီး အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီပါသည်။

ကျေးရွာတွင် အငြိမ်းစားတွင်းရေ လုံလောက်မှု မရှိသော်လည်း ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူဦးရေ နည်းပါးကြောင်းတွေ့ရှိရပါသည်။ ဘွဲ့ရပညာတတ် အရေအတွက် အသင့်အတင့် ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာအတွင်းရှိ မူလတန်းကျောင်းတွင် တက်ရောက်မှုရှိပြီး အလယ်တန်း၊ အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်ပါသည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျား-မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရှိရပါ။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ ယောကျ်ားလေးအရေအတွက်ထက် မိန်းကလေး အရေအတွက်သည် များပြားသည်။ အလယ်တန်းနှင့်အထက်တန်းများတွင် ကျားအရေအတွက်မှာ မ အရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်တူတူပင်ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့(၆)ဖွဲ့ရှိပါသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့(၃)ဖွဲ့တို့ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် ကလေးသူငယ်အဖွဲ့မှာ လှုပ်ရှား ဆောင်ရွက်မှုအားကောင်းပါသည်။ ပရဟိတအဖွဲ့နှင့် ဝတ်သင်းအဖွဲ့များမှာ လူမှုရေးလှုပ်ရှားဆောင်ရွက်မှုအားကောင်းပါသည်။ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအဖွဲ့ကို ဌာနမှ ဖွဲ့စည်းပေးထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်မျှ ချိတ်ဆက်ကြပြီး အဖွဲ့အစည်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် နှမ်းကို အဓိကစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၅၀)ရှိပြီး သီးထပ်အဖြစ် နှမ်းစိုက်ဧက (၅၃၆.၄၁) ဧက ရှိပြီး ဆောင်းမြေပဲစိုက်ဧက (၇၀)ဧကကို စိုက်ပျိုးကြသည်။ မိုးစပါး ထွက်နှုန်းမှာ (၁)ဧကလျှင် (၇၅)တင်းထွက်ရှိပါသည်။ နှမ်းထွက်နှုန်းမှာ (၁)ဧကလျှင် (၅)တင်း ထွက်ပြီး မြေပဲ (၁) ဧကလျှင် (၁၅)တင်းအထိ ထွက်ရှိပါသည်။ ကျေးရွာတွင် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးပါသည်။

တောင်သူအများစုသည် တောင်သူလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားသည်။ တစ်ချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် နှမ်းစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတစ်ရံတွင် မိုးရွာသွန်းမှု မညီမျှမှုကို ရင်ဆိုင်ရတတ်သည်။ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားကြသည်။

ကျေးရွာတွင် နွားမွေးမြူသည့်အိမ်ထောင်စု (၇၄)စုရှိပါသည်။ ဝက်မွေးမြူသည့် အိမ်ထောင်စု (၃၇)စုရှိပါသည်။ ဒေသမှ ဝက်မျိုးကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေး သည့်အိမ်ထောင်စု (၁၀၀)စုရှိပြီး ဈေးကွက်တွင် ဝယ်လိုအား ရှိပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ် များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများ ရှိတတ် သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ ကျေးရွာ၏ ရေမြေနေရာ အဆင်ပြေမှုကြောင့် ငါးမွေးမြူရေးကို လုပ်ကိုင်နိုင်ခြင်းမရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက် ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ် နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် ထိတွေ့မှုနည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ်၊ စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေအကုန်ကျခံကာ ပို့လွှတ်သင်ကြားကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

မင်းဘူးမြို့နယ် အရှေ့ဘက်ခြမ်းနှင့် အမြောက်ဘက်ခြမ်းတွင် ၂၀၁၅ ခုနှစ်တွင် ရေကြီးရေလွှမ်းမှု ဖြစ်ပွားခဲ့သော်လည်း ကျွန်ုပ်တို့ ကျေးရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းလွတ်ခဲ့သည်။ ကုန်းတွင်းဒေသ ဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက် တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပုံစံ(၇)မရှိသောကြောင့် ချေးငွေမရရှိပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းမှ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူများအား အတိုးနှုန်း(၁)ကျပ်ဖြင့် ချေးငွေများရရှိပါသည်။ ကျေးရွာအတွင်း နီးစပ်ရာများထံမှ ချေးငွေယူလျှင် (၅)ကျပ်နှုန်းမှ (၂၀)ကျပ်နှုန်းအထိပေးရပါသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများသည် အကြွေးယူထားကြပြီး အကြွေးငွေ ၅၀၀၀၀ ကျပ်မှ ၁၀၀၀၀၀၀ ကျပ်အထိချေးယူထားကြောင်း တွေ့ရှိရသည်။ အများစုမှာ ၅၀၀၀၀၀ ကျပ်အောက် ချေးယူထားကြပြီး အနည်းစုမှာ ၅၀၀၀၀၀ ကျပ်အထက် ချေးယူထားကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း အဆောင်(၁)နှင့် (၂)ရှိပါသည်။ အဆောင်(၁)မှာ အလျား ၆ဝ ပေ၊ အနံ ၃ဝ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေ အခင်းနှင့် အဆောင်(၂)မှာ အလျား ၃ဝ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့်အင်္ဂတေအခင်း ကျောင်းဆောင်ဖြစ်ပါသည်။ ရွာသားအများစုမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁၃.ဝ၁ ရာခိုင်နှုန်းမှာ ဘုန်းကြီးကျောင်းပညာရေး တတ်မြောက်သူတို့ဖြစ်ပါသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။ ယခုနှစ် ကျောင်း အပ်နှံသည့်နှုန်းထားသည် ကျေးရွာ၏ ယခင်နှစ်အရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရပါသည်။ ရွာနားနီးရပ်ကွက်မှ ကျောင်းသားများလည်း လာရောက် ကျောင်းတတ်ကြပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိပါသည်။ ဆရာ/ဆရာမအင်အားလည်း လုံလောက်မှုရှိပါသည်။ ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။

သောက်ရေအတွက် အဝီစိတွင်း/စက်တပ်ကို သုံးစွဲကြပြီး တစ်ရွာလုံးအတွက် လုံလောက်မှုမရှိသေးပါ။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းများကို အုတ်ဖြင့် ဆောက်လုပ် ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲထားကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာများကို ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ၊ ကျောင်းသားများအတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ ရွာရှိ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ပြထားခြင်းမရှိသော်လည်း ရွာရှိ အသင်းအဖွဲ့များမှာ ရပ်ရွာ၏တိုးတက်ရေးကို တက်အားသရွေ့ လုပ်ဆောင်ကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေနီလမ်းဖြစ်ပြီး သုံးဘီး ဆိုင်ကယ်နှင့် ဆိုင်ကယ်များ မောင်းနှင်နိုင်ပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ ကုန်းလမ်းပိုင်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၁၀)စီးနှင့် စက်ဘီး (၂၅)စီးတို့ကို အသုံးပြုလျက်ရှိပါသည်။

ကျေးရွာတွင်း အိမ်တိုင်း လျှပ်စစ်မီးမရရှိ၍ ကိုယ်ပိုင်ဆိုလာသုံးအိမ်ထောင်စု(၂၃)စုနှင့် ကိုယ်ပိုင်အင်ဂျင်သုံးအိမ်ထောင်စု(၁၉)စုရှိပြီး အခြားဖယောင်းတိုင်၊ ဘတ်ထရီသုံး အိမ်ထောင်စု(၂၉)စုရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်နိုင်မှု နည်းပညာအားနည်းလျက်ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိ၍ မကွေးမြို့ရှိ မြန်မာစာကြည့်တိုက်အဖွဲ့ချုပ်နှင့် အဆက်အသွယ်ရှိ၍ စာအုပ်များ လက်လှမ်းမီမှုရှိပါသည်။ ရွာသားများသည် သတင်းစာဂျာနယ်တို့ကိုလည်း ဝယ်ယူရရှိရန် လက်လှမ်းမမီ၍ တစ်ရွာလုံးအတိုင်းအတာအနေဖြင့် တယ်လီဖုန်းနှင့်သတင်း ဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသူ/သားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျှော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်းရှိပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ**

ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၆၄.၅၉ ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြပါသည်။ ဘွဲ့ရပညာတတ်အရေအတွက် နည်းပါးသော်

လည်း ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းမြစ်တိုးတက် ကောင်းမွန်စေသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးနှင့် ဆက်စပ်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမမီနိုင်ပါ ။ ကျေးရွာသားများ အနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း မင်းဘူးမြို့ ဆေးရုံကြီး၊ မကွေးမြို့ ဆေးရုံကြီးများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း ယာမြေများမှ ထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိက အားထားရသည်။ မြစ်ရေတင်စီမံကိန်းမှလည်း စပါးစိုက်ကေများအတွက် စိုက်ပျိုးရေ အသင့်အတင့်ရရှိပါ သည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင်မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသဖြင့် ကြက်၊ ဝက်၊ နွားတို့ကို မွေးမြူရန် အခွင့်အလမ်းသာပါသည်။ သို့သော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူသန်းရောင်းဝယ်ရေး ချောမွေ့ပါသည်။ ကျေးရွာတွင် ဖုန်းနှင့်အခြား ဆက်သွယ်ရေးများရှိသဖြင့် အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတ ထွက်ရှိမှုမှာ နည်းပါးပါသည်။ ယာမြေများကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့်

ယာမြေများမှ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်သော်လည်း ရာသီဥတုအခြေအနေပေါ် မူတည်၍ ထွက်ရှိနှုန်းကို ရရှိသည်။

ယာမြေများတွင်လည်း ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည် ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံး နိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော် လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ သမ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းများမှ ချေးငွေရရှိရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာတွင် အိမ်တွင်းမှုထုတ် လုပ်ငန်းများ ပုံမှန်မရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ် ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ် ပညာ၊ အတွေ့အကြုံတို့ အားနည်းပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင် ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာရှိအခြေခံအဆောက်အအုံများ၊ကျေးရွာလမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာနေလူထုအတွက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

က.၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်း များ ရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိ စေမည်။

က.၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေရမည်။

က.၄)ကျွန်တော်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှ တစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုကို တိုးတက်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် လမ်းများကောင်းမွန်အောင် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊ ကျေးရွာသူ/သားများထည့်ဝင်ငွေဖြင့် လမ်းများကိုပြုပြင်ထိန်းသိမ်း သွားမည် ဖြစ်ပါသည်။

ခ.၂) ကျွန်ုပ်တို့သည် ဇာထိုးပန်းထိုး၊ စက်ချုပ်၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ အလှပြင်၊ မိုဘိုင်ဖုန်းပြင်၊ ကွန်ပျူတာအခြေခံသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသား များအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့ နိုင်ရန် ငွေကြေးအရင်းအနှီးလုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာန နှင့်ချိတ်ဆက်ပြီး မူလတန်း၊ အလယ်တန်းမှ အထက်တန်းကျောင်း များရရှိရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားရရှိနိုင်ရေးတို့ အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါး၊ နှမ်းနှင့်ပဲအမျိုးမျိုးကို စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။ သီးနှံ ဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှု နှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် ယာမြေများ ပုံစံ(၇)ရှိမှသာလျှင် လိုအပ်သောချေးငွေရရှိမည်ဖြစ်ပါသည်။

လိုအပ်သောဈေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများအတွက် အထိုက်အလျောက် များပြားသော စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီရရှိရန် လိုအပ်ပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငြင်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုတွင် အားနည်းသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာ အထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း လိုအပ်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပန်းဆက်သွယ်ရေးကဏ္ဍ** | | | | | |
| လမ်းများကောင်းမွန်လာစေရန် | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀၈ | ၁ | -လမ်းကော်မတီဖွဲ့စည်းခြင်း<br>-ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>-လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| လမ်းများကောင်းမွန်လာစေရန် | ကျေးရွာတွင်းကျန်လမ်း များကွန်ကရစ်ခင်းခြင်း | ၉၆ | ၂ | -လမ်းကော်မတီဖွဲ့စည်းခြင်း<br>-ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>-လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ယာခင်း/စိုက်ခင်းများ မှ သီးနှံများ အလွယ် တကူ သယ်ယူ ပို့ဆောင်နိုင်စေရန် | ကုန်ထုတ်လမ်း ဖောက် ခြင်း | ၈၄ | ၃ | - မြေနေရာလှူဒါန်းခြင်း<br>- လမ်းကော်မတီဖွဲ့စည်းခြင်း<br>- ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>- ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>- လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီးဌာန |
| ကျေးရွာမှ ကျွန်းထဲသို့ သွားသည့်လမ်း ကောင်းမွန်လာစေရန် | ကျေးရွာမှ ကျွန်းထဲသို့ သွားသည့်လမ်း ပြုပြင်ခြင်း | ၇၇ | ၄ | - ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>- ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှပါဝင် ဆောင်ရွက်ခြင်း<br>-လမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ကျေးလက် ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **ပညာရေးကဏ္ဍ** | | | | | |
| ကျောင်းသား/သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် | မူလတန်းကျောင်း အတွင်း စက်ရေတွင်း တူးဖော်ခြင်း | ၆၈ | ၅ | -ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဖွဲ့စည်းခြင်း<br>-ရန်ပုံငွေများစုဆောင်းခြင်း<br>-NGO၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>-ကျောင်းကော်မတီ၊ရပ်မိရပ်ဖနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း | ကျေးလက် ဦးစီးဌာန |
| ကျေးရွာတွင် မူကြို ကျောင်း တည် ဆောက်နိုင်စေရန် | မူကြိုကျောင်း တိုးချဲ့ တည်ဆောက်ခြင်း | ၆၁ | ၆ | -ရန်ပုံငွေများစုဆောင်းခြင်း<br>-NGO၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>-လူမှုဝန်ထမ်းဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>-ရပ်မိရပ်ဖများနှင့်ကျေးရွာလူထုမှ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း | လူမှုဝန်ထမ်း ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **လျှပ်စစ်မီးလင်းရေးကဏ္ဍ** | | | | | |
| ရွာလုံးကျွတ်လျှပ်စစ် မီးလင်းရေးဆောင် ရွက်နိုင်ရန် | ကျေးရွာတွင်း လျှပ်စစ်မီးလိုင်း တိုးချဲ့တည် ဆောက်ခြင်း | ၅၆ | ၇ | – မီးလင်းရေးကော်မတီဖွဲ့စည်းခြင်း<br>–သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်အကူအညီ တောင်း ခံခြင်း<br>–ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>–မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးချိတ်ဆက် ဆောင်ရွက်ခြင်း | လျှပ်စစ် ဦးစီးဌာန |
| **စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းကဏ္ဍ** | | | | | |
| အလုပ်အကိုင် အခွင့် အလမ်းများ ရရှိ စေရန် | အလုပြင်သင်တန်း ဖွင့်လှစ် ခြင်း | ၅၁ | ၈ | – ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ အသက်မွေးဝမ်း ကျောင်းသင်တန်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်း<br>– NGO၊ INGO အဖွဲ့အစည်း၊ ပြင်ပအလှူရှင်များနှင့် ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>– သင်တန်းတက်ရောက်ပြီးသူများမှ ကျေးရွာအတွင်း ထပ်ဆင့် ပညာမျှဝေခြင်း | ကျေးလက် ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်လျော့ချရေးကဏ္ဍ** | | | | | |
| မီးဘေးအန္တရယ် ကာကွယ်နိုင်စေရန် | ကျေးရွာမီးဘေး လုံခြုံရေးအတွက် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း | ၄၈ | ၉ | - မီးဘေးလုံခြုံရေး အဖွဲ့ဖွဲ့စည်းခြင်း<br>- ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>- သက်ဆိုင်ရာ ဦးစီးဌာနနှင့်ချိတ်ဆက် အကူအညီတောင်းခံခြင်း<br>- မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း | မီးသတ် ဦးစီးဌာန |
| **အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍ** | | | | | |
| လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း | ၄၂ | ၁၀ | - ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>- ရန်ပုံငွေများကောက်ခံခြင်း<br>- ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း<br>- ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်အကူအညီတောင်းခံခြင်း<br>- ဘက်စုံသုံးခန်းမ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုပြင်ထိန်းသိမ်းခြင်း | ကျေးလက် ဦးစီးဌာန |

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| **အုပ်ချုပ်ရေးကဏ္ဍ** | | | | | |
| အုပ်ချုပ်ရေးမှုူးရုံး တည်ဆောက်နိုင်စေရန် | အုပ်ချုပ်ရေးမှုူးရုံး တည်ခြင်း | ၃၈ | ၁၁ | –ရန်ပုံငွေများစုဆောင်းကောက်ခံခြင်း<br>–အလှူရှင်များနှင့် ချိတ် ဆက်အကူအညီတောင်းခံခြင်း<br>–ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း<br>–သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် အကူအညီ တောင်းခံခြင်း | ထွေအုပ် |
| **လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ** | | | | | |
| ကျန်းမာရေး၊ လူမှုရေး ကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန် | လူမှုကူညီရေးကားဝယ်ယူခြင်း | ၃၃ | ၁၂ | – လူမှုကူညီရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>– ရန်ပုံငွေများ စုဆောင်းကောက်ခံခြင်း<br>– ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်အကူအညီ တောင်းခံခြင်း<br>– ကျေးရွာတွင် ကြက်ခြေနီအသင်းအဖွဲ့များမှ နည်းပြများနှင့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း | သက်ဆိုင်ရာ အဖွဲ့အစည်း |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးရွာတွင်း ကျန်လမ်းများ ကွန်ကရစ် ခင်းခြင်း | ၂ | ✓ | | | | |
| ၃ | ကုန်ထုတ်လမ်းဖောက်ခြင်း | ၃ | | ✓ | | | |
| ၄ | ကျေးရွာမှ ကျွန်းထဲသို့ သွားသည့် လမ်း ပြုပြင်ခြင်း | ၄ | | ✓ | | | |
| ၅ | မူလတန်းကျောင်းအတွင်း စက်ရေတွင်း တူးဖော်ခြင်း | ၅ | | ✓ | | | |
| ၆ | မူကြိုကျောင်း တိုးချဲ့တည်ဆောက်ခြင်း | ၆ | | | ✓ | | |
| ၇ | ကျေးရွာအတွင်း လျှပ်စစ်မီးလိုင်း တိုးချဲ့တည်ဆောက်ခြင်း | ၇ | | | ✓ | | |
| ၈ | အလှပြင်သင်တန်း ဖွင့်လှစ်ခြင်း | ၈ | | ✓ | | | |
| ၉ | ကျေးရွာမီးဘေးလုံခြုံရေးအတွက် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း | ၉ | ✓ | | | | |
| ၁၀ | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း | ၁၀ | | | | | ✓ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ | အုပ်ချုပ်ရေးမှူးရုံး တည်ဆောက် ခြင်း | ၁၁ | | | | ✓ | |
| ၁၂ | လူမှုကူညီရေးကား ဝယ်ယူခြင်း | ၁၂ | | | | | ✓ |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသား မဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း | ၁၅၀ | ၂သိန်း | ၁၄၈ သိန်း | - | - |
| ၂ | ကျေးရွာတွင်း ကျန်လမ်းများ ကွန်ကရစ် ခင်းခြင်း | ၇၅၀ သိန်း | ၁၀ သိန်း | ၇၄၀ သိန်း | - | - |
| ၃ | ကုန်ထုတ်လမ်းဖောက်ခြင်း | ၈၅၀ သိန်း | ၂၀ သိန်း | ၈၃၀သိန်း | - | - |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသား ချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့ မှု |
| | | | | ငွေလုံး ငွေရင်း အသုံး စရိတ် | စွမ်း ဆောင် ရည်မြှင့် တင်ရေး | |
| ၄ | ကျေးရွာမှ ကျွန်းထဲသို့ သွားသည့် လမ်း ပြုပြင်ခြင်း | ၂၀၀ သိန်း | ၂သိန်း | ၁၉၈ သိန်း | - | - |
| ၅ | မူလတန်းကျောင်းအတွင်း စက်ရေတွင်း တူးဖော်ခြင်း | ၂၅၀ သိန်း | ၃ သိန်း | ၂၄၇ သိန်း | - | - |
| ၆ | မူကြိုကျောင်း တိုးချဲ့တည် ဆောက်ခြင်း | ၃၀၀ သိန်း | - | ၂၉၀ သိန်း | - | ၁၀ သိန်း |
| ၇ | ကျေးရွာအတွင်း လျှပ်စစ်မီးလိုင်း တိုးချဲ့တည်ဆောက်ခြင်း | ၁၅၀ သိန်း | ၅ သိန်း | ၁၄၅ သိန်း | | |
| ၈ | အလှပြင်သင်တန်း ဖွင့်လှစ်ခြင်း | ၃၀ သိန်း | - | ၃၀ သိန်း | | |
| ၉ | ကျေးရွာမီးဘေးလုံခြုံရေးအတွက် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း | ၅၀ သိန်း | - | ၅၀ သိန်း | | |
| ၁၀ | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း | ၃၀၀ သိန်း | - | ၃၀၀ သိန်း | | |
| ၁၁ | အုပ်ချုပ်ရေးမှူးရုံး တည်ဆောက် ခြင်း | ၂၅၀ သိန်း | - | ၂၅၀သိန်း | | |
| ၁၂ | လူမှုကူညီရေးကား ဝယ်ယူခြင်း | ၂၀၀ သိန်း | - | ၂၀၀ သိန်း | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ

တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာ မှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ များကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်း များ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၆ | ၁၂ | ၁၈ | ၂.၄၃ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၃၃ | ၆၀ | ၈.၁၀ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၂၈ | ၂၇ | ၅၅ | ၇.၄၃ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၆ | ၄၉ | ၈၅ | ၁၁.၄၈ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၈ | ၂၅၀ | ၄၇၈ | ၆၄.၅၉ |
| ၆၀နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၂၇ | ၄၄ | ၅.၉၄ |
| **စုစုပေါင်း လူဦးရေ ၇၄၀** | | **၃၄၂** | **၃၉၈** | **၇၄၀** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု -၁၇၁** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စု ၁၇၁ ဦး၊ လူဦးရေ ၇၄၀ ဦးရှိပြီး ကျေးရွာတွင်အလုပ်လုပ်နိုင်သည့် အရွယ် ၅၃၈ ဦးရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပါဝင်ဆောင်ရွက်နိုင်သူပေါများကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်ကြီး ၄၄ ဦးရှိကြောင်းလည်းတွေ့ရှိရပါသည်။ နို့စို့အရွယ်၊ ၅ နှစ်အောက် ကလေး၊မူလတန်းကျောင်းသားအရွယ်၊ အလယ်တန်းကျောင်းသားအရွယ်ကလေး စုစုပေါင်း ၂၁၈ ဦးလည်းရှိပြီး တစ်အိမ်ထောင်ရှိပျမ်းမျှဦးရေသည် ၄ ဦးရှိကြောင်းလည်း တွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၀ | ၄၀.၉ | ၁၀၄ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၄ | ၁၉.၈၈ | ၁၁၃ | ၃၄ | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | ၂၅.၁၄ | ၈၈ | ၂ | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၂.၉၂ | ၁၂ | - | - |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၃ | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁ | - |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၁ | မြက်စဉ်းစက် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | - | - | - | ၁ | ဆန်စက် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁.၇၅ | ၇ | ၈ | - |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၆ | စက်ချုပ်-၆ |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၄.၆၇ | ၁၆ | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁.၇၅ | ၃ | ၁ | စက်လှေမောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁ | ကားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၁ | Save the Children |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | ၁ | ၀.၅၈ | ၃ | ၃ | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁.၇၅ | ၃ | ၄ | မူကြိုဆရာမ-၁<br>ကျူရှင်ဆရာမ-၁<br>ကျောင်းဆရာ-၁ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၁ | တိ/ကု |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ဝ.၅၈ | ၂ | ၂ | အရံသားဖွား-၁<br>ကျန်းမာရေး-၁ |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| - | အလုပ်သမား၊ ကျပန်း၊ | - | - | - | ၁၆ | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | **၁၇၁** | **၁၀၀** | **၃၅၁** | **၈၅** | **-** |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေမှာ သာမန်အားဖြင့် လျော့နည်းသည်။ ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်သူ ၈၅% ရှိပါသည်။ ကျပန်းအလုပ်သမားနှင့် ရာသီအလိုက် အလုပ်သမားမှာ ၅% ရှိပြီး ဆံပင်ညှပ်၊ အပ်ချုပ်၊ ဆောက်လုပ်ရေး၊ ပန်းရံလက်သမား ၅% နှင့် အစိုးရဝန်ထမ်းနှင့် ပုဂ္ဂလိကဝန်ထမ်း ၁၀% တို့ဖြစ်ကြပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ | - |
| ၃ | ငါးလုပ်ငန်း- ရေချို/ ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက် လုပ်ငန်း | နေ့စား | - | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၈၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၈၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ကမ်းနီကျေးရွာ၏ ကျား၊ မ အလိုက် အများဆုံးလုပ်အားများကို လေ့လာရာတွင် အများဆုံး ကျား(၂၀၀၀၀)ကျပ်မှ မ (၁၅၀၀၀)ကျပ်အထိရှိပြီး အနည်းဆုံး ကျား(၇၀၀၀)ကျပ်မှ မ(၄၀၀၀)ကျပ်အထိ ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)** | **ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက )** |
|---|---|---|---|---|
| လယ်မြေ | ၉၂.၇ | သင့် | ရ | မြစ်ရေ |
| ယာမြေ /တောင်ယာ | ၃၀၄.၂ | သင့် | မရ | - |
| ဥယျာဉ်ခြံမြေ | ၇ | သင့် | မရ | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | - | - | - |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | ၀.၃၀ | သင့် | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| အခြား | - | - | - | - |
| **စုစုပေါင်း** | **၄၀၄.၂** | **သင့်** | **-** | **-** |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်**။ ။ ရေရရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ ကျွန်တော်တို့ကျေးရွာစိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် စိုက်ပျိုးမြေဧက စုစုပေါင်း (၄၀၄.၂)ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ သင့်တင့်မျှတသာ ဖြစ်ပါသည်။ လယ်မြေများအတွက် မြစ်ရေတင်စနစ်မှ ရေလုံလောက်စွာရရှိပါသည်။ ယာမြေများမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | ရေနံ(များ) | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မြစ်ရေ(သင့်) | လွယ် |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ရေနံများရရှိနိုင်မှု များစွာရှိသော်လည်း ကိုယ်ပိုင်တူးခွင့်ရရှိရန်အတွက်ခက်ခဲပါသည်။ အခြားအရင်းမြစ်မှာ မြစ်ရေဖြစ်ပါသည်။ မြစ်ရေတင်စီမံကိန်းမှ ရေလုံလောက်စွာရရှိပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ လက်လှမ်းမီနိုင်မှု လွယ်ကူပါသည်။ သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) မှာလည်း လက်လှမ်း မီနိုင်မှု လွယ်ကူပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃၀ ဧက | ၁၅ ဧက | ၄ ဧက | - |
| အိမ်အခြေအနေ | တိုက်၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးထရံကာ | ဝါးထရံကာ၊ သွပ်မိုး | ဝါးထရံကာ၊ သွပ်မိုး | ဝါး၊ ထရံသက်ကယ် |

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန် ဆင်းရဲသော အိမ်ထောင်စု** |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | နွားလှည်း၊ ရေစုပ်စက်၊ မြက်ရိတ်စက် | နွားလှည်း | နွားလှည်း | ပေါက်တူး၊ ပေါက်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV၊ Sky Net ဆိုင်ကယ်၊ ဖုန်း | TV၊ EVD၊ ဆိုင်ကယ်၊ ဖုန်း | ဆိုင်ကယ်၊ စက်ဘီး၊ ဖုန်း | စက်ဘီး၊ ဖုန်း |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး | တောင်သူငယ် | နေစား | ကူလီ |
| အခြားပိုင်ဆိုင်မှု | - | - | - | - |
| အိမ်ထောင်စု - | ၆ (၅.၂၆ %) | ၃၂ (၁၈.၇၁%) | ၈၇ (၅၀.၈၇%) | ၄၃(၂၅.၁၄%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာ၏ အဆင်ပြေသောအိမ်ထောင်စုတွင် မြေယာဧက (၃၀)ဧက၊ အလယ်အလတ်ရှိသော အိမ်ထောင်စုတွင် မြေယာဧက (၁၅)ဧကနှင့် ဆင်းရဲသော အိမ်ထောင်စုတွင် မြေယာဧက (၄)ဧကနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုတို့တွင် မြေယာ ပိုင်ဆိုင်မှုမရှိပါ။ အဆင်ပြေသော အိမ်ထောင်စုတွင် တိုက်၊ ပျဉ်ထောင်၊ ပျဉ်ခင်းများရှိပြီး အလယ်အလတ်တွင် ပျဉ်ထောင်အိမ်၊ ဆင်းရဲသောအိမ်နှင့် အလွန်ဆင်းရဲသော အိမ်များတွင် ဝါး၊ ထရံကာအိမ်များဖြစ်သည်။ အဆင်ပြေသော အိမ်များတွင် ကား၊ ဆိုင်ကယ်၊ TV၊ ဖုန်း၊ ရေခဲသေတ္တာစသည်များရှိပြီး အလွန်ဆင်းရဲသော အိမ်ထောင်စုတွင် ဖုန်းမှလွဲ၍ အခြား ပစ္စည်းများမရှိပါ။ အဆင်ပြေသောအိမ်ထောင်စုများမှာ တောင်သူများနှင့် ကုန်သည်၊ အရောင်း အဝယ်သမားဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသူများသည် ကျပန်းအငှား အလုပ်သမားများ ဖြစ်ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၈ | ၄၆.၁၅ % | ချေးယူ |
| ၃ လနှင့် ၆ လအောက် | ၁၀ | ၂၅.၆၄ % | ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | ၁၁ | ၂၈.၂၀ % | ချေးယူ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၁၇၁)စုရှိပြီး ဥစ္စာဓနအဆင့်(၃)နှင့် (၄) ၏ ၃၀ ရာခိုင်နှုန်းစီ ကောက်ယူရာတွင် ၃ လအောက် ဝမ်းစာဖူလုံမှုရှိသူသည် (၁၈) အိမ်ထောင်စု ရှိပြီး ၃ လနှင့် ၆ လ အောက်တွင် (၁၀)စုမျှရှိပါသည်။ ၆ လ မှ ၁၂ လထိ (၁၁)စုရှိသည်ကို တွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၃ | ၄ | ၇ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာရှိ မိသားစု စောက်ရှောက်မှုမရှိသော အသက် (၆၀)နှစ်နှင့်အထက် ကျား(၃)ဦးမှာ မိသားစုမရှိခြင်း၊ မိသားစုရှိသော်လည်း အလွန် ဆင်းရဲ၍ မကြည့်ရှုနိုင်ခြင်းဖြစ်သည်။ မ (၄)ဦးတွင်လည်း သားသမီးများ ဝေးကွာနေခြင်း၊ ပြန်လည်ပို့ဆောင်နေခြင်း မရှိသောကြောင့် လူကြီးများ ထိခိုက်လွယ်မှု အခြေအနေရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၁၆)စုရှိပြီး ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၃)စုရှိပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | – |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | – |
| ၃ | ရေကြီးခြင်း | နိမ့် | – |
| ၄ | မိုးခေါင်ခြင်း | နိမ့် | – |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | – |
| ၆ | မုန်တိုင်း | နိမ့် | – |
| ၇ | ငလျင် | နိမ့် | – |
| ၈ | မီးဘေး | နိမ့် | – |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | – |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | – |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | – |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | – |
| ၁၃ | တီဘီရောဂါ | နိမ့် | – |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | – |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဂါ | | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - | - |
| ၁၆ | တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | စနစ်တကျ မမွေးမြူခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | - |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေအရ စားနပ်ရိက္ခာ ဖူလုံမှုမှာ လတ်အဆင့်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲ၊ မုန်တိုင်း၊ မီးဘေး၊ လျှော်၊ ဆားငန်ရေဝင်မှု၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု၊ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ ၊ လူကုန်းကူးခြင်း၊ ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုမှာ ထိခိုက်လွယ်မှုနိမ့်ပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုမှာ ထိခိုက်လွယ်မှု မြင့်ပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | - |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | - |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | – |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | – |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | – |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | – |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | – |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | – |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | – |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | – |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | – |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | – |
| ၁၅ | ဆေးစွဲသူများ | နိမ့် | – |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | – |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | – |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | – |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | – |
| ၂၀ | ကားသမား | နိမ့် | – |
| ၂၁ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ အနေဖြင့် ကျေးရွာတွင် ကြီးကြီးမားမား ထိခိုက်သက်ရောက်မှုဟူ၍ မရှိပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈ ) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | VRFP | ၁ | ၄ | ၃ | ၇ | စိုက်/မွေး | ၅ | ၆ |
| ၂ | သမ(စိုက်/မွေး) | ၁ | ၃ | ၂ | ၅ | စိုက်/မွေး | ၅ | ၆ |
| ၃ | NAG အဖွဲ့ | ၁ | ၄ | ၃ | ၇ | တောင်သူ ဖွံ့ဖြိုးရေး | ၄ | ၆ |
| ၄ | ကလေးသူငယ် အဖွဲ့ | ၂ | ၅ | - | ၅ | ကျေးရွာ ဖွံ့ဖြိုးရေး | ၄ | ၆ |
| ၅ | ပရဟိတအဖွဲ့ | ၂ | ၅ | ၂ | ၇ | လူမှုရေး | ၄ | ၆ |
| ၆ | ဝတ်သင်းအဖွဲ့ | ၃ | ၃ | ၇ | ၁၀ | ဘာသာရေး | ၄ | ၆ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။

ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့(အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းမှာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ သမ၊ NAG အဖွဲ့၊ ကလေးသူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ဝတ်သင်း အဖွဲ့များမှာ ရွာနှင့် ချိတ်ဆက်ပြီး ရွာ၏ ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်စွာ ဆောင်ရွက်လျက် ရှိပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | NAG | ၂ | ငွေစုငွေချေး |
| ၂ | ကလေးသူငယ်အဖွဲ့ | ၂ | တောင်သူဖွံ့ဖြိုးရေး |
| ၃ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ NAG အဖွဲ့အစည်း၊ ကလေးသူငယ်အဖွဲ့အစည်းများ ရှိပါသည်။ ၎င်းအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာ ကောင်းမွန်ပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၀ | ၅၂.၆၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၀ | ၁၁.၆၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၂၅ | ၁၄.၆၁ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၂၅ | ၁၄.၆၁ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၁၁ | ၆.၄၃ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၇၁** | **၁၀၀** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာရှိ မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၉၀)စု ရှိပြီး ၂.၅ ကေအောက် အိမ်ထောင်စု(၂၀)စု၊ ၂.၅ ကေမှ ၅ ကေအထိ အိမ်ထောင်စု(၂၅) စု၊ ၅ ကေမှ ၁၂.၅ ကေကြား အိမ်ထောင်စု(၂၅)စုနှင့် ၁၂.၅ ကေအထက် အိမ်ထောင်စု(၁၁)စု ရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၂.၁.၂)      အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ / ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | အစိုးရ | ၅၀ | ရာသီအလိုက် | သင့် |
| ၄ | အဝီစိတွင်း | - | - | - | - |
| ၅ | လက်ငင်ရေတွင်း | - | - | - | - |
| ၆ | စိမ့်စမ်းရေ | - | - | - | - |
| ၇ | ချောင်းရေ | - | - | - | - |
| ၈ | အခြား/မိုးရေ | - | - | ရာသီအလိုက် | လုံလောက်မှုမရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် အစိုးရမြစ်ရေတင်စီမံကိန်းမှ ရေသောက်ဧရိယာဧက(၅၀)အတွက် ရေရရှိပါသည်။ ရာသီအလိုက် သောက်သုံးရသော်လည်း ရေလုံလောက်မှု သင့်တင့်ရုံသာ ရှိပါသည်။

## (၂.၂.၁.၃)      အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက်(နိမ့်/ လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| နှမ်း | ၅၃၆.၄၁ | တင်း | ၃ | ၇ | ၅ | မေလ | စက်တင်ဘာ | လတ် | လတ် | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မြေပဲ | ၇၀ | တင်း | ၂၀ | ၁၅ | ၁၇ | စက်တင်ဘာ | ဒီဇင်ဘာ | မြင့် | နိမ့် | |
| စပါး | ၅၀ | တင်း | ၅၀ | ၁၀၀ | ၇၅ | စက်တင်ဘာ | ဒီဇင်ဘာ | လတ် | လတ် | |
| ပဲစင်းငုံ | ၄၁၆.၄၁ | တင်း | ၃ | ၉ | ၆ | အောက်တိုဘာ | ဇန်နဝါရီ | မြင့် | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာ၏ သီးနှံထွက်နှုန်းမှာ နှမ်း ၁ ဧကလျှင် အများဆုံး ၇ တင်း၊ အနည်းဆုံး ၃ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၅ တင်းထွက်ရှိပါသည်။ နှမ်းကို မေလမှ စက်တင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုမှာ အလယ်တန်းရှိပါသည်။ အမြတ်ရရှိနိုင်မှုမှာ ရာသီဥတုနှင့် ဈေးကွက်ပေါ်မူတည်၍ ရရှိပါသည်။ မြေပဲကို ၁ ဧကလျှင် အများဆုံး ၂၀ တင်း၊ အနည်းဆုံး ၁၅ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၁၇ တင်းထွက်ရှိပါသည်။ မြေပဲကို စက်တင်ဘာလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ စပါး ၁ ဧကလျှင် အများဆုံး ၁၀၀ တင်း၊ အနည်းဆုံး ၅၀ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၇၅ တင်းထွက်ရှိပါသည်။ စိုက်ပျိုးကာလအနေဖြင့် စက်တင်ဘာမှ ဒီဇင်ဘာလအထိ စိုက်ပျိုးပြီး သွင်းအားစု လိုအပ်ချက်မှာလတ်အဆင့်ဖြစ်ပါသည်။ အမြတ်ရရှိနိုင်မှုမှာလည်း လတ်အဆင့်ဖြစ်ပါသည်။ ပဲစင်းငုံကို ၁ ဧကလျှင် အများဆုံး ၉ တင်း၊ အနည်းဆုံး ၃ တင်းမျှထွက်ရှိပြီး ပျမ်းမျှ ၆ တင်းထွက်ရှိပါသည်။ ပဲစင်းငုံကို အောက်တိုဘာလမှ ဇန်နဝါရီလအထိ စိုက်ပျိုးနိုင်ပြီး သွင်းအားစုလိုအပ်ချက်မှာ နိမ့်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ လတ်အဆင့်ဖြစ်ပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | - | - | - | - | - | - | - |
| လက်တွန်းထွန်စက် | - | - | - | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - | - | - | - |
| ရေစုပ်စက် | ၂ | - | - | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | ၁ | - | - | - | - | - | - |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် စက်ကိရိယာပိုင်ဆိုင်မှုမှာ ရေစုပ်စက် ၂ လုံးနှင့် မြက်ရိတ်စက်(၁)လုံးသာရှိပါသည်။ ထို့ကြောင့် တောင်သူကြီးများမှာ နွားများဖြင့်သာ စိုက်ပျိုးရာတွင် အချိန်မီမစိုက်ပျိုးနိုင်သောကြောင့် ဈေးကွက်ရရှိမှုမှာ နှောက်နှေးပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ | မရရှိနိုင်ပါ။ (မြေဆီသြဇာ ရရှိနိုင်သည်) |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေဆီဩဇာ) | |
| ရေရင်းမြစ် | မိုးရေ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | နွားချေး၊သစ်ရွက်ဆွေး |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | ဝယ်ယူ၍ ရပါသည်။(မင်းလှ-မင်းဘူး) |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ငွေစုငွေချေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အစိုးရ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက ပါသည်။ |
| သွင်းအားစုဈေးကွက် | မင်းလှ/မင်းဘူး/မကွေး |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | မင်းဘူး-မကွေးမြို့ရှိ ကုန်စည်ဒိုင်သို့ ရောင်းချနိုင်ပါသည်။ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် စိုက်ပျိုးမြေကို တိုးချဲ့လုပ်ဆောင် နိုင်ရန် မြေရိုင်းမြေလွတ်များ မရှိပါ။ မြေဆီဩဇာမှာ နွားချေး၊ ဆိတ်ချေးနှင့် သစ်ရွက်ဆွေး များဖြင့် ဖော်ထုတ်ရရှိပါသည်။ အော်ဂဲနစ်မြေဆွေး၊ သဘာဝမြေဆွေးများကို ကျေးရွာနှင့် စိုက်ပျိုးရေးအဖွဲ့များဖြင့် ပူးပေါင်းဖော်ဆပ်ရရှိပါသည်။ ဓါတုပိုးသတ်ဆေးများကို မကွေး၊ မင်းဘူး၊ မင်းလှစသည့် ဓါတုဆေးဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။ ချေးငွေများကို ငွေကြေး ဝန်ဆောင်မှုကို အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပါသည်။ နည်းပညာ၊ အုပ်ချုပ်ရေး များကို အစိုးရ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရယူပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မြေလွတ်မြေရိုင်းမရှိပါ။ |
| မြေဆီဩဇာအခြေအနေ | မြေဆီလွှာအားနည်း(ရာသီဥတု/ဓါတုဆေးများ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | လွှန်ကဲစွာသုံးခြင်း) |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | VRFP ၊ သမဦးစီးအဖွဲ့ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ငွေကြေးမလုံလောက်ခြင်း |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | လုပ်သားရှားပါးမှုရှိခြင်း။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မရှိ(မိုးရေကိုသာ အဓိကသုံးစွဲခြင်းဖြစ်ပါသည်။) |
| စိုက်ပျိုးရေ မလုံလောက်မှု | မိုးရေကိုသာ အသုံးပြုရသောကြောင့်ဖြစ်သည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ရာသီဥတု၊ ဆေးအရည်အသွေးမပြည့်မီ၊ ငွေကြေးကွာဟမှု |
| ဈေးကွက် လက်လှမ်းမီမှု | ကုန်သည်များ၏ ဈေးကွက်ချိုးနှိမ်မှု ရှိပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာပေးရာတွင် လူဦးရေကန့်သတ်မှုရှိခြင်းကြောင့် ပြန်လည်မျှဝေနိုင်မှု နည်းပါးပါသည်။ |
| အခြား | – |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မြေကိုတိုးချဲ့ရန် မြေလွတ် မြေရိုင်းများမရှိပါ။ မြေဆီလွှာ အားနည်းမှုရှိပါသည်။ မြေဆီလွှာအားနည်းရခြင်းမှာ ရာသီဥတုမမှန်ခြင်း၊ ဓါတုဆေးဝါးများ သုံးစွဲမှုများခြင်းကြောင့်ဖြစ်သည်။ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းနှင့် သမဦးစီးဌာနတို့မှ ငွေကြေးအရင်းအနှီးရရှိ ပါသည်။ လုပ်သားရှားပါးရခြင်းမှာ လုပ်အားခနည်းခြင်း၊ ဝင်ငွေနည်းခြင်းကြောင့် အခြားအလုပ်များသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ရေအရင်းအမြစ်များရှိသော်လည်း စိုက်ပျိုးရေ လုံလောက်စွာမရရှိပါ။ မိုးရေကို အဓိကအားထားရသောကြောင့် စိုက်ပျိုးရေ မလုံလောက်ပါ။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၇၄ | ၂၉၆ | - |
| နို့စားနွား | - | - | - |
| မြင်း | - | - | - |
| ကျွဲ | - | - | - |
| မြည်း | - | - | - |
| လား | - | - | - |
| ဆိတ် | ၉ | ၁၇၈ | - |
| သိုး | - | - | - |
| ဝက် | ၃၇ | ၅၉ | - |
| ကြက် | ၁၀၀ | ၉၄၀ | - |
| ဘဲ | ၂ | ၁၃ | - |
| နွားနောက် | - | - | - |
| အခြား | - | - | - |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | - |
| ပုဇွန်ကန် | - | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | - |
| အခြား | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် နွားမွေးမြူရေးအိမ်ထောင်စု(၇၄)စုရှိပြီး ကောင်ရေ (၂၉၆)ရှိပါသည်။ ဆိတ်မွေးမြူရေးအိမ်ထောင်စု(၉)စုရှိပြီး ကောင်ရေ (၁၇၈)ရှိပါသည်။ ဝက်မွေးမြူရေးအိမ်ထောင်စု(၃၇)စုရှိပြီး ကောင်ရေ (၅၉)ရှိပါသည်။ ကြက်မွေးမြူရေး အိမ်ထောင်စု(၁၀၀)စုရှိပြီး ကောင်ရေ (၉၄၀)ရှိပါသည်။ ကျေးရွာအတွင်းတွင် ငါးလုပ်ငန်း၊ ငါးကန်၊ ပုဇွန်ကန် စသည့်လုပ်ငန်းများမရှိပါ။ လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုလည်းမရှိပါ။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပလက်မြေ၊ ရိတ်သိမ်းပြီးချိန်၊ ချောင်းဘေး၊ မြစ်ဘေး၊ရထားလမ်း |
| ရေရရှိမှု | မရှိပါ။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ရှိ |
| ချေးငွေ | သမ၊ NAG၊ VRFP |
| သွင်းအားစု ဈေးကွက် | လက်လှမ်းမီပါသည်။ |
| ဝန်ဆောင်မှု ဈေးကွက် | မြို့နယ် တိကု၊ ကြက်ခြေပြာများရှိခြင်း၊ ကာကွယ်ဆေးများကို မင်းဘူး၊ မင်းလှ ဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပါသည်။ |
| ထုတ်ကုန်ရောင်းဝယ်မှု | မရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အနည်းငယ်ရှိပါသည်။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | – |
| ချေးငွေ | – |
| သွင်းအားစုလက်လှမ်းမီမှု | – |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန်ရောင်းဝယ်မှု | – |
| အခြား | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် စားကျက်မြေအဖြစ် ပလက်မြေ၊ မြစ်ကမ်းဘေးနှင့် ရထားလမ်းစသည်တို့ဖြစ်ပြီး ယာမြေများ ရိတ်သိမ်းပြီးချိန်တို့တွင် စားကျက်မြေ များပေါများပါသည်။ တိရိစ္ဆာန်များအတွက် သောက်သုံးရေကန်မရှိပါ။ မျိုးတိရစ္ဆာန်

လက်လှမ်းမီမှုရှိပါသည်။ မွေးမြူရေးချေးငွေအတွက် သမ၊ NAG နှင့် VRFPစီမံကိန်းတို့မှ ရရှိပါသည်။ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိသေးပါ။ ဝန်ဆောင်မှုအခြေအနေမှာ မြို့နယ် တိကုပ်၊ ကြက်ခြေပြာများရှိခြင်း၊ ကာကွယ်ဆေးများကို မင်းဘူး၊ မင်းလှဈေးကွက်တွင် ဝယ်ယူရရှိနိုင်ပါသည်။ အိမ်ခြံဝင်းအတွင်းတွင် မြေလုံလောက်မှု အနည်းငယ်သာရှိပါသည်။ အခြား ငါးလုပ်ငန်း၊ ပုဇွန်လုပ်ငန်းများမရှိပါ။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မလုံလောက်ပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရာသီဥတုနှင့် ကာကွယ်ဆေးမထိုးခြင်း |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | မြို့နယ်တိကုရှိသော်လည်း ချိတ်ဆက်မှုအားနည်း |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/လေလံလက်လှမ်းမီမှု | လက်လှမ်းမမီပါ။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | - |
| ချေးငွေ ရရှိနိုင်မှု | - |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကမ်းနီကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်၍ ပြဿနာများတွင် ချေးငွေရရှိမှုတွင် လုံလောက်မှုမရှိပါ။ ရာသီဥတုအပေါ်မူတည်ပြီး ကူးစက်ရောဂါများ ဖြစ်ပွားမှု ရှိပါသည်။ ကာကွယ်ဆေး (၁) လ (၁) ကြိမ် မထိုးနိုင်ခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်း တို့ကြောင့် ဖြစ်ပါသည်။ မြို့နယ်တိကုရှိသော်လည်း ချိတ်ဆက်မှုအားနည်းပါသည်။ ရွာတွင်းတွင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်/လေလံ လက်လှမ်းမီမှုမရှိပါ။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ် များ ထုတ်လုပ်ခြင်း | ၂ | ၁၀ | ၂ | လတ် |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၂ | - | ၂ | လတ် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁ | - | ၁ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | - | ၂ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၇ | ၇ | - | လတ် |
| ၇ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | ၉ | ၁၃ | ၁၆ | လတ် |
